ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

# တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တင်သွင်းခြင်း တင်ပို့ခြင်းဆိုင်ရာ စည်းမျဉ်း စည်းကမ်းများ

၂၀၁၃ ခုနှစ်၊ ဇွန်လ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

## ပြည်တွင်းသို့တင်သွင်းလာသော ကျွဲ၊ နွားများအတွက် စည်းမျဉ်း စည်းကမ်းများ

၁။ **တိရစ္ဆာန်** - ကျွဲ၊ နွား

၂။ **တင်ပို့သောနိုင်ငံ** - နိုင်ငံအားလုံး

၃။ **တင်ပို့သည့်ရည်ရွယ်ချက်** - မွေးမြူရန်

၄။ **တင်သွင်းခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ**

(က) <u>သွင်းကုန်လိုင်စင်</u>။ တင်သွင်းလာသော တိရစ္ဆာန်များနှင့်အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ခွင့်ပြုထုတ်ပေးထားသော သက်တမ်းမကျော်သေးသည့် သွင်းကုန်လိုင်စင် ပါရှိရမည်။

(ခ) <u>တိရစ္ဆာန်၏ဖော်ပြချက်</u>။ တင်သွင်းလာသောတိရစ္ဆာန်နှင့်အတူ တိရစ္ဆာန်နှင့်သက်ဆိုင်သည့် ပြည့်စုံသောဖော်ပြချက်များ (သို့မဟုတ်) သက်သေခံမှတ်တမ်းအပြည့်အစုံ ဖော်ပြချက်ပါရှိသည့် သက်သေခံလက်မှတ်ပါရှိရမည်။

(ဂ) <u>တိရစ္ဆာန်ဆေးကုဌာန၏ထောက်ခံချက်လက်မှတ်</u>။ တင်သွင်းလာသော တိရစ္ဆာန်နှင့်အတူ တင်ပို့လာသောနိုင်ငံမှတိရစ္ဆာန်ဆေးကုဌာန၏အခွင့်အာဏာရှိသူတိရစ္ဆာန်ဆေးကုဆရာဝန်ထံမှထုတ်ပေးသည့် အောက်ဖော်ပြပါ အချက်များပါဝင်သော ထောက်ခံချက်လက်မှတ် ပါရှိရမည် -

(၁) ခွာနာလျှာနာရောဂါကင်းရှင်းသောနိုင်ငံများမှတင်ပို့လာသည့်တိရစ္ဆာန်များဖြစ်ရမည်။ သို့မဟုတ်ပါက ($O_1$၊ $A_{22}$ နှင့် Asia 1) ပိုး(၃)မျိုးပါဝင်သော ခွာနာလျှာနာရောဂါကာကွယ်ဆေးထိုးထားပြီးနောက် တိရစ္ဆာန်ကူးစက်ရောဂါ စစ်ဆေးထိန်းချုပ်ရေးစခန်းအတွင်း၌ တာဝန်ခံဖြစ်သူ တိရစ္ဆာန်ဆေးကုဆရာဝန်၏ စောင့်ကြည့်ကြီးကြပ်မှုဖြင့် (၂၁)ရက်ကြာသည်အထိ ထိန်းသိမ်းထားရှိခဲ့သော တိရစ္ဆာန်များဖြစ်ရမည်။

(၂) တင်ပို့သောနိုင်ငံတွင် Babesiosis နှင့် Anaplasmosis စသည့်ရောဂါများ ဖြစ်ပွားခဲ့ဘူးခြင်းရှိပါက တင်သွင်းလာသောတိရစ္ဆာန်များသည် အဆိုပါရောဂါများအတွက် ကာကွယ်ဆေးများ ထိုးနှံပြီးဖြစ်ရမည်။

(၃) တင်သွင်းလာသော တိရစ္ဆာန်များသည် တင်ပို့သည့်အချိန်မတိုင်မီ (၁၂)လအတွင်း Anthrax၊ Rinderpest၊ Bovine Spongiform Encephalopathy နှင့် Contagious Bovine Pleuropneumonia စသည့်ရောဂါများ မဖြစ်ပွားခဲ့သော ဒေသများမှ တိရစ္ဆာန်များဖြစ်ရမည်။

(၄) တင်ပို့သည့်အချိန်မတိုင်မီ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရောဂါများစစ်ဆေး၍ ရောဂါကင်းရှင်းကြောင်းကို တင်သွင်းလာသောတိရစ္ဆာန်တစ်ကောင်ချင်းစီ၏ ဓာတ်ခွဲခန်း စစ်ဆေးချက်မှတ်တမ်းများနှင့်အတူ တင်ပြရမည် -

(ကက) တီဘီရောဂါအတွက် intradermal tuberculim test ဖြင့် စစ်ဆေးချက်။

(ခခ) ဘရူဆဲလား သားလျှောရောဂါအတွက် Brucella abortus antingen ကို သုံး၍ serum agglutination test (သို့မဟုတ်) complement fixation test ဖြင့် စစ်ဆေးချက်။

(ဂဂ) Bluetongue နှင့် Enzootic Bovine Leukosis ရောဂါများအတွက် agar-gel immunodiffusion test ဖြင့် စစ်ဆေးချက်။

(ဃဃ) Infectious Bovine Rhinotracheitis၊ Infectious Pastular Vulvo-vaginitis ရောဂါများအတွက် serum neutralization test ဖြင့် စစ်ဆေးချက်။

(ငင) Johne's Disease ရောဂါကို complement fixation test (သို့မဟုတ်) direct faceal smear method ဖြင့် စစ်ဆေးချက်။

(စစ) Contagious Bovine Pleuropneumonia ရောဂါကို Complement fixation test ဖြင့် စစ်ဆေးချက်။

(ဃ) <u>မြန်မာနိုင်ငံရှိ တိရစ္ဆာန်ကူးစက်ရောဂါ စစ်ဆေးထိန်းချုပ်ရေးစခန်း၌ထိန်းသိမ်းထားရှိခြင်း</u>

(၁) မြန်မာနိုင်ငံသို့ရောက်ရှိပါက တိရစ္ဆာန်ကူးစက်ရောဂါ စစ်ဆေးထိန်းချုပ်ရေးစခန်း အတွင်းသို့ နောက်ဆုံးတိရစ္ဆာန်ကို စခန်းအတွင်းသို့ထည့်သွင်းထားရှိပြီးသည့်အချိန်မှ စတင်၍ အနည်းဆုံး(၁၀)ရက် (သို့မဟုတ်) လိုအပ်ပါက ရက်ပိုမို၍ ထိန်းသိမ်းထားရှိရမည်။

(၂) စခန်းမှ နောက်ဆုံးတိရစ္ဆာန်ကိုထုတ်ယူပြီး စခန်းတစ်ခုလုံးကို အညစ်အကြေးများ ရှင်းလင်းခြင်းနှင့် ပိုးသတ်ဆေးပက်ဖြန်းခြင်း စသည်တို့အား ဆောင်ရွက်ပြီးနောက် (၃)ရက်ကြာပါက နောက်တစ်သုတ်အား စခန်းအတွင်းသို့ထည့်သွင်းနိုင်သည်။

(၃) စခန်းတာဝန်ခံ တိရစ္ဆာန်ဆေးကုဆရာဝန်၏ စောင့်ကြည့်ကြီးကြပ်မှုဖြင့် အလုံပိတ်မော်တော်ယဉ် (သို့မဟုတ်) ထရပ်ကားဖြင့် တိရစ္ဆာန်များတင်ဆောင်ကာ စခန်းမှ သတ်မှတ်ထားသော မွေးမြူရေးခြံသို့ သယ်ဆောင်ရမည်။

(င) <u>အခကြေးငွေပေးဆောင်ခြင်း</u>။ ပြည်တွင်းသို့ တင်သွင်းလာသောအကြိမ်တိုင်း ကျွဲ၊ နွားများအတွက် အောက်ဖော်ပြပါနှုန်းထားများအတိုင်း အခကြေးငွေများ ပေးဆောင်ရမည် -

(၁) စစ်ဆေးထိန်းချုပ်ရေးစခန်း၌ ထိန်းသိမ်းထားရှိခ - တစ်ကောင်လျှင် (၂၀၀၀) ကျပ်

(၂) ဓာတ်ခွဲခန်းစစ်ဆေးခ - တစ်ကောင်လျှင် (၂၀၀၀) ကျပ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
# မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
## ပြည်တွင်းသို့တင်သွင်းလာသော မြင်းများအတွက် စည်းမျဉ်း စည်းကမ်းများ

၁။ **တိရစ္ဆာန်** - မြင်း

၂။ **တင်ပို့သောနိုင်ငံ** - နိုင်ငံအားလုံး

၃။ **တင်ပို့သည့်ရည်ရွယ်ချက်** - မွေးမြူရန်

၄။ **တင်သွင်းခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ**

(က) သွင်းကုန်လိုင်စင်။ တင်သွင်းလာသော တိရစ္ဆာန်များနှင့်အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ခွင့်ပြုထုတ်ပေးထားသော သက်တမ်းမကျော်သေးသည့် သွင်းကုန်လိုင်စင် ပါရှိရမည်။

(ခ) တိရစ္ဆာန်၏ဖော်ပြချက်။ တင်သွင်းလာသောတိရစ္ဆာန်နှင့်အတူ တိရစ္ဆာန်နှင့်သက်ဆိုင်သည့် ပြည့်စုံသောဖော်ပြချက်များ (သို့မဟုတ်) သက်သေခံမှတ်တမ်းအပြည့်အစုံ ဖော်ပြချက်ပါရှိသည့် သက်သေခံလက်မှတ်ပါရှိရမည်။

(ဂ) တိရစ္ဆာန်ဆေးကုဌာန၏ထောက်ခံချက်လက်မှတ်။ တင်သွင်းလာသော တိရစ္ဆာန်နှင့်အတူ တင်ပို့လာသောနိုင်ငံရှိ တိရစ္ဆာန်ဆေးကုဌာန၏ အခွင့်အာဏာရှိသူ တိရစ္ဆာန်ဆေးကုဆရာဝန်ထံမှ တိရစ္ဆာန်တစ်ကောင်ချင်းစီ၏ အကြောင်းအရာ၊ အချက်အလက် (သို့မဟုတ်) မှတ်တမ်းအပြည့်အစုံ ဖော်ပြချက်များနှင့်အတူ လက်မှတ်ထိုးထုတ်ပေးထားသည့် ကျန်းမာကြောင်း ထောက်ခံချက်လက်မှတ်ပါရှိရမည်။ အဆိုပါထောက်ခံချက်လက်မှတ်တွင် အောက်ဖော်ပြပါအချက်များ ပါရှိရမည် -

(၁) Pedigree certificate (မိဘ၊ ဘိုးဘွားများ၏အဆင့်ဆင့်မှတ်တမ်း)။

(၂) တင်ပို့လာသောတိရစ္ဆာန်များသည် တင်ပို့သည့်အချိန်တွင် ကပ်ပါးရောဂါနှင့် အခြားကူးစက်ရောဂါကင်းစင်မှု။

(၃) တင်ပို့လာသော တိရစ္ဆာန်များသည် African Horse Sickness၊ Equine Encephalomyelitis၊ Vesicular Stomatitis၊ Dourine နှင့် Epzootic Lymphangitis စသည့်ရောဂါများကင်းရှင်းသော တိုင်းပြည်များမှ ဖြစ်ပါကြောင်းနှင့် မတင်ပို့မီ(၁၂)လအတွင်း Equine Infectious Anaemia၊ Equine Viral Arthritis, Equine Rhinopneumonitis, Equine Influenza and Horse Pox, Glanders, Strangles and Surra စသည့်ရောဂါလက္ခဏာများ ကင်းရှင်းသောဒေသများမှ ဖြစ်ပါကြောင်း။

(၄) တင်ပို့လာသော တိရစ္ဆာန်များသည် တင်ပို့မည့်နိုင်ငံ၏ တိရစ္ဆာန်ကူးစက်ရောဂါ စစ်ဆေးထိန်းချုပ်ရေးစခန်းအတွင်း၌ မတင်ပို့မီ (၃၀)ရက်ကြာ ထိန်းသိမ်းထားရှိပြီး ဖြစ်ပါကြောင်း။

(၅) မတင်ပို့မီ ရက်(၃၀)ကြိုတင်၍ ကူးစက်တတ်သော ရောဂါများဖြစ်သည့် Equine Infectious Anaemia၊ African Horse Sickness နှင့် Equine Viral Arthritis စသည့်ရောဂါများကိုစစ်ဆေး၍ ရောဂါကင်းရှင်းကြောင်းကို တင်သွင်းလာသော တိရစ္ဆာန်တစ်ကောင်ချင်းစီ၏ ဓာတ်ခွဲခန်းစစ်ဆေးမှု မှတ်တမ်းများနှင့်အတူ တင်ပြရမည်။

(၆) တိရစ္ဆာန်များကိုမတင်ပို့မီ ရက်အနည်းငယ်ကြိုတင်၍ တိရစ္ဆာန် ကိုယ်တွင်းနှင့် ပြင်ပ ကပ်ပါးပိုးကောင်များ ကင်းစင်ရန်အတွက် (၂)မျိုးစလုံးအပေါ် အကျိုးသက်ရောက်သော သံချဆေး/ ပိုးသတ်ဆေးများဖြင့် ကုသပေးပြီးဖြစ်ရမည်။

(ဃ) <u>မြန်မာနိုင်ငံရှိ တိရစ္ဆာန်ကူးစက်ရောဂါ စစ်ဆေးထိန်းချုပ်ရေးစခန်း၌ထိန်းသိမ်းထားရှိခြင်း</u>

(၁) တိရစ္ဆာန်များပြည်တွင်းသို့ရောက်ရှိချိန်၌ ကျန်းမာရေးအခြေအနေပုံမှန်ရှိမရှိ ချက်ခြင်း စစ်ဆေးခံရမည်။

(၂) တိရစ္ဆာန်များကို ထည့်သွင်း သယ်ယူပို့ဆောင်သောယာဉ်သည် သေချာစွာ သန့်စင်၊ ပိုးသတ်ထားပြီး တိရစ္ဆာန်များထိခိုက်ဒဏ်ရာမရှိစေနိုင်သော ပုံစံအနေအထား ဖြစ်ရမည်။

(၃) လမ်းခရီး၌ ခေတ္တခဏရပ်နားစဉ်အချိန်အတွင်း ကျန်းမာရေးအခြေအနေမတူညီသော အခြားတိရစ္ဆာန်များနှင့် အတူထားရှိခြင်း၊ ထိတွေ့ခြင်းမရှိစေရ။

(၄) တင်ပို့လာသောတိရစ္ဆာန်များ ခရီးလမ်းဆုံးသို့ရောက်ရှိပါက ကူးစက်ရောဂါ စစ်ဆေးထိန်းချုပ်ရေးစခန်းအတွင်း၌ အနည်းဆုံး(၃၀)ရက်ကြာ ထိန်းသိမ်းထားရှိ၍ လိုအပ်ပါက ဓာတ်ခွဲခန်းစစ်ဆေးမှုနှင့် ဆေးဝါးကုသမှုများ ပြုလုပ်ရမည်။ ဓာတ်ခွဲခန်းစစ်ဆေးမှုနှင့် ဆေးဝါးကုသမှုများ၏ ကုန်ကျစရိတ်များကို ပိုင်ရှင်မှကျခံရမည်။

(၅) သွင်းကုန်လုပ်ငန်း၏ လိုအပ်ချက် စည်းမျဉ်း စည်းကမ်းများနှင့် ပြည့်စုံမှုမရှိပါက တင်ပို့လာသောတိရစ္ဆာန်များကို လျော်ကြေးမရှိဖျက်ဆီးခြင်း (သို့မဟုတ်) တင်ပို့သည့်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ခြင်း ခံရမည်။

(င) <u>အခကြေးငွေပေးဆောင်ခြင်း</u>။ ပြည်တွင်းသို့ တင်သွင်းလာသောအကြိမ်တိုင်း မြင်းများအတွက် အောက်ဖော်ပြပါနှုန်းထားများအတိုင်း အခကြေးငွေများ ပေးဆောင်ရမည် -

(၁) စစ်ဆေးထိန်းချုပ်ရေးစခန်း၌ထိန်းသိမ်းထားရှိခ - တစ်ကောင်လျှင် (၂၀၀၀) ကျပ်

(၂) ဓာတ်ခွဲခန်းစစ်ဆေးခ - တစ်ကောင်လျှင် (၂၀၀၀) ကျပ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
# မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

## ပြည်တွင်းသို့တင်သွင်းလာသော သိုး၊ ဆိတ်များအတွက် စည်းမျဉ်း စည်းကမ်းများ

၁။ **တိရစ္ဆာန်** - သိုး၊ ဆိတ်

၂။ **တင်ပို့သောနိုင်ငံ** - နိုင်ငံအားလုံး

၃။ **တင်ပို့သည့်ရည်ရွယ်ချက်** - မွေးမြူရန်

၄။ **တင်သွင်းခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ**

(က) သွင်းကုန်လိုင်စင်။ တင်သွင်းလာသော တိရစ္ဆာန်များနှင့်အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ခွင့်ပြုထုတ်ပေးထားသော သက်တမ်းမကျော်သေးသည့် သွင်းကုန်လိုင်စင် ပါရှိရမည်။

(ခ) တိရစ္ဆာန်၏ဖော်ပြချက်။ တင်သွင်းလာသောတိရစ္ဆာန်နှင့်အတူ တိရစ္ဆာန်နှင့်သက်ဆိုင်သည့် ပြည့်စုံသောဖော်ပြချက်များ (သို့မဟုတ်) သက်သေခံမှတ်တမ်းအပြည့်အစုံ ဖော်ပြချက်ပါရှိသည့် သက်သေခံလက်မှတ်ပါရှိရမည်။

(ဂ) တိရစ္ဆာန်ဆေးကုဌာန၏ထောက်ခံချက်လက်မှတ်။ တင်သွင်းလာသော တိရစ္ဆာန်နှင့်အတူ တင်ပို့လာသောနိုင်ငံရှိ တိရစ္ဆာန်ဆေးကုဌာန၏ အခွင့်အာဏာရှိသူ တိရစ္ဆာန်ဆေးကုဆရာဝန်ထံမှ တိရစ္ဆာန်တစ်ကောင်ချင်းစီ၏ အကြောင်းအရာ၊ အချက်အလက် (သို့မဟုတ်) မှတ်တမ်းအပြည့်အစုံ ဖော်ပြချက်များနှင့်အတူ လက်မှတ်ထိုးထုတ်ပေးထားသည့် ကျန်းမာကြောင်းထောက်ခံချက်လက်မှတ် ပါရှိရမည်။ အဆိုပါထောက်ခံချက်လက်မှတ်တွင် အောက်ဖော်ပြပါအချက်များပါရှိရမည် -

(၁) တင်သွင်းလာသောတိရစ္ဆာန်များသည် ကူးစက်ရောဂါများကင်းရှင်း၍ ကျန်းမာသော လက္ခဏာ ရှိရမည်။

(၂) တင်သွင်းလာသော တိရစ္ဆာန်များသည် လွန်ခဲ့သော(၁၂)လအတွင်း၌ FMD၊ Rinderpest၊ Contagious Bovine Pleuropneumonia(CBPP)နှင့်Contagious Caprine Pleuropneumonia(CCPP)စသည့်ရောဂါများကင်းရှင်းသော ဒေသများမှ ဖြစ်ရမည်။

(၃) တင်သွင်းလာသော တိရစ္ဆာန်များအား CBPP နှင့် CCPP စသည့်ရောဂါများအတွက် Complement Fixation Test (CFT)ဖြင့်စစ်ဆေး၍ ရောဂါကင်းရှင်းကြောင်းကို တင်သွင်းလာသော တိရစ္ဆာန်တစ်ကောင်ချင်းစီ၏ ဓာတ်ခွဲခန်းစစ်ဆေးမှုမှတ်တမ်းများ ပါရှိရမည်။

(၄) မတင်ပို့မီ(၆)လအတွင်း ဘရူဆဲလားသားလျှောရောဂါ ဖြစ်ပွားခဲ့ခြင်းမရှိသည့် မွေးမြူရေးခြံမှ တင်သွင်းလာသော တိရစ္ဆာန်များဖြစ်ရမည့်အပြင် မတင်ပို့မီ(၁)လအတွင်း CFT ဖြင့်စစ်ဆေး၍ ရောဂါကင်းရှင်းသော တိရစ္ဆာန်များဖြစ်ရမည်။

(၅) တိရစ္ဆာန်များကိုမတင်ပို့မီ (၇)ရက်ကြိုတင်၍ တိရစ္ဆာန် ကိုယ်တွင်းနှင့် ပြင်ပ ကပ်ပါးပိုးကောင်များ ကင်းစင်ရန်အတွက် (၂)မျိုးစလုံးအပေါ် အကျိုးသက်ရောက်သော သံချဆေး/ ပိုးသတ်ဆေးများဖြင့် ကုသပေးပြီးဖြစ်ရမည်။

(ဃ) <u>မြန်မာနိုင်ငံရှိ တိရစ္ဆာန်ကူးစက်ရောဂါ စစ်ဆေးထိန်းချုပ်ရေးစခန်း၌ထိန်းသိမ်းထားရှိခြင်း</u>

(၁) တိရစ္ဆာန်များကို ထည့်သွင်း သယ်ယူပို့ဆောင်သောယာဉ်သည် သေချာစွာ သန့်စင်၊ ပိုးသတ်ထားပြီး တိရစ္ဆာန်များထိခိုက်ဒဏ်ရာမရှိစေနိုင်သော ပုံစံအနေအထား ဖြစ်ရမည်။

(၂) လမ်းခရီး၌ ခေတ္တခဏရပ်နားစဉ်အချိန်အတွင်း ကျန်းမာရေးအခြေအနေမတူညီသော အခြားတိရစ္ဆာန်များနှင့် အတူထားရှိခြင်း၊ ထိတွေ့ခြင်းမရှိစေရ။

(၃) တင်ပို့လာသောတိရစ္ဆာန်များ ခရီးလမ်းဆုံးသို့ရောက်ရှိပါက ကူးစက်ရောဂါ စစ်ဆေးထိန်းချုပ်ရေးစခန်းအတွင်း၌ အနည်းဆုံး(၁၀)ရက်ကြာ ထိန်းသိမ်းထားရှိ၍ လိုအပ်ပါက ဓာတ်ခွဲခန်းစစ်ဆေးမှုနှင့် ဆေးဝါးကုသမှုများ ပြုလုပ်ရမည်။ ဓာတ်ခွဲခန်းစစ်ဆေးမှုနှင့် ဆေးဝါးကုသမှုများ၏ ကုန်ကျစရိတ်များကို ပိုင်ရှင်မှကျခံရမည်။

(၄) သွင်းကုန်လုပ်ငန်း၏ လိုအပ်ချက် စည်းမျဉ်း စည်းကမ်းများနှင့် ပြည့်စုံမှုမရှိပါက တင်ပို့လာသောတိရစ္ဆာန်များကို လျော်ကြေးမရှိဖျက်ဆီးခြင်း (သို့မဟုတ်) တင်ပို့သည့်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ခြင်း ခံရမည်။

(င) <u>အခကြေးငွေပေးဆောင်ခြင်း</u>။ ပြည်တွင်းသို့ တင်သွင်းလာသောအကြိမ်တိုင်း သိုး၊ ဆိတ်များအတွက် အောက်ဖော်ပြပါနှုန်းထားများအတိုင်း အခကြေးငွေများ ပေးဆောင်ရမည် -

(၁) စစ်ဆေးထိန်းချုပ်ရေးစခန်း၌ထိန်းသိမ်းထားရှိခ - တစ်ကောင်လျှင် (၁၀၀၀) ကျပ်

(၂) ဓာတ်ခွဲခန်းစစ်ဆေးခ - တစ်ကောင်လျှင် (၁၀၀၀) ကျပ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
# မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

## ပြည်တွင်းသို့တင်သွင်းလာသော ဝက်များအတွက် စည်းမျဉ်းစည်းကမ်းများ

၁။ **တိရစ္ဆာန်** - ဝက်

၂။ **တင်ပို့သောနိုင်ငံ** - နိုင်ငံအားလုံး

၃။ **တင်ပို့သည့်ရည်ရွယ်ချက်** - မွေးမြူရန်

၄။ **တင်သွင်းခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ**

(က) သွင်းကုန်လိုင်စင်။ တင်သွင်းလာသော တိရစ္ဆာန်များနှင့်အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ခွင့်ပြုထုတ်ပေးထားသော သက်တမ်းမကျော်သေးသည့် သွင်းကုန်လိုင်စင် ပါရှိရမည်။

(ခ) တိရစ္ဆာန်၏ဖော်ပြချက်။ တင်သွင်းလာသောတိရစ္ဆာန်နှင့်အတူ တိရစ္ဆာန်နှင့်သက်ဆိုင်သည့် ပြည့်စုံသောဖော်ပြချက်များ (သို့မဟုတ်) သက်သေခံမှတ်တမ်းအပြည့်အစုံ ဖော်ပြချက်ပါရှိသည့် သက်သေခံလက်မှတ်ပါရှိရမည်။

(ဂ) တိရစ္ဆာန်ဆေးကုဌာန၏ ထောက်ခံချက်လက်မှတ်

(၁) တင်သွင်းလာသော တိရစ္ဆာန်နှင့်အတူ တင်ပို့လာသောနိုင်ငံရှိ တိရစ္ဆာန်ဆေးကုဌာန၏ အခွင့်အာဏာရှိသူ တိရစ္ဆာန်ဆေးကုဆရာဝန်ထံမှ တိရစ္ဆာန်တစ်ကောင်ချင်းစီ၏ အကြောင်းအရာ၊ အချက်အလက် (သို့မဟုတ်) မှတ်တမ်းအပြည့်အစုံ ဖော်ပြချက်များနှင့်အတူ လက်မှတ်ထိုးထုတ်ပေးထားသည့် ကျန်းမာကြောင်းထောက်ခံချက်လက်မှတ်ပါရှိရမည်။

(၂) တိရစ္ဆာန်နှင့်အတူ Pedigree certificate (မိဘ၊ ဘိုးဘွားများ၏ အဆင့်ဆင့်မှတ်တမ်း) ပူးတွဲပါရှိရမည်။

(၃) တင်သွင်းလာသော တိရစ္ဆာန်များသည် ကူးစက်ရောဂါလက္ခဏာများ၊ သံစွဲရောဂါနှင့် ကိုယ်ခန္ဓာပြင်ပကပ်ပါးပိုးများကင်းရှင်း၍ ကျန်းမာသောလက္ခဏာရှိရမည်။

(၄) တင်ပို့သောမူလနိုင်ငံသည် African Swine Fever၊ Enterovirus၊ Encephalomyelitis (Teschen Disease)၊ Swine Vesicular Disease နှင့် Rinderpest စသည့်ရောဂါများ ကင်းရှင်းသောဒေသများမှ ဖြစ်ရမည်။

(၅) တင်ပို့သောမူလနိုင်ငံ (သို့မဟုတ်) ဒေသ (သို့မဟုတ်) ဇုန်တို့သည် လွန်ခဲ့သော (၁၂)လကြာကာလအတွင်း၌ ခွာနာလျှာနာရောဂါ(FMD)ကင်းရှင်းသောဒေသများဖြစ်ရမည်။

(၆) မတင်ပို့မီရက်(၃ဂ)ကြိုတင်၍ ကူးစက်တတ်သော အောက်ဖော်ပြပါရောဂါများကို စစ်ဆေး၍ ရောဂါကင်းရှင်းကြောင်းကို တင်သွင်းလာသောတိရစ္ဆာန်တစ်ကောင်ချင်းစီ၏ ဓာတ်ခွဲခန်းစစ်ဆေးချက် မှတ်တမ်းများနှင့်အတူ တင်ပြရမည် -

(ကက) ဘရူဆဲလား သားလျှောရောဂါအတွက် serum agglutination test (သို့မဟုတ်) CFT ဖြင့် စစ်ဆေးချက်။

(ခခ) Aujeszky's Disease ရောဂါအတွက် ELISA test ဖြင့်စစ်ဆေးချက်။

(ဂဂ) Transmissible Gastroenteritis (TGE) ရောဂါအတွက် ELISA test ဖြင့် စစ်ဆေးချက်။

(ဃဃ) Atrophic Rhinitis ရောဂါအတွက် tube agglutination test ဖြင့် စစ်ဆေးချက်။

(ငင) Leptospirosis ရောဂါအတွက် antigen သုံးစွဲ၍ agglutination test (သို့မဟုတ်) dihydrostreptomycin (25mg/kg) ကို (၁၄)ရက်ခြား၍ (၂)ကြိမ် ခွဲထိုးခြင်းဖြင့် စစ်ဆေးချက်။

(စစ) PRRS ရောဂါအတွက် serological test ဖြင့် စစ်ဆေးချက်။

(ဆဆ) မတင်ပို့မီ ရက်အနည်းငယ်ကြိုတင်၍ တိရစ္ဆာန်ကိုယ်တွင်းနှင့် ပြင်ပကပ်ပါး ပိုးကောင်များ ကင်းစင်ရန်အတွက် (၂)မျိုးစလုံးအပေါ် အကျိုးသက်ရောက်သော သံချဆေး/ ပိုးသတ်ဆေးများဖြင့် ကုသပေးပြီးဖြစ်ရမည်။

(ဃ) <u>မြန်မာနိုင်ငံရှိ တိရစ္ဆာန်ကူးစက်ရောဂါ စစ်ဆေးထိန်းချုပ်ရေးစခန်း၌ထိန်းသိမ်းထားရှိခြင်း</u>

(၁) တိရစ္ဆာန်များကို ထည့်သွင်း သယ်ယူပို့ဆောင်သောယာဉ်သည် သေချာစွာ သန့်စင်၊ ပိုးသတ်ထားရမည်။

(၂) တင်ပို့လာသောတိရစ္ဆာန်များ ခရီးလမ်းဆုံးသို့ရောက်ရှိပါက ကူးစက်ရောဂါ စစ်ဆေးထိန်းချုပ်ရေးစခန်းအတွင်း၌ အနည်းဆုံး(၃၀)ရက်ကြာ ထိန်းသိမ်းထားရှိ၍ လိုအပ်ပါက ဓာတ်ခွဲခန်းစစ်ဆေးမှုနှင့် ဆေးဝါးကုသမှုများ ပြုလုပ်ရမည်။ ဓာတ်ခွဲခန်းစစ်ဆေးမှုနှင့် ဆေးဝါးကုသမှုများ၏ ကုန်ကျစရိတ်များကို ပိုင်ရှင်မှကျခံရမည်။

(၃) သွင်းကုန်လုပ်ငန်း၏ လိုအပ်ချက် စည်းမျဉ်း စည်းကမ်းများနှင့် ပြည့်စုံမှုမရှိပါက တင်ပို့လာသောတိရစ္ဆာန်များကို လျော်ကြေးမရှိဖျက်ဆီးခြင်း (သို့မဟုတ်) တင်ပို့သည့်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ခြင်း ခံရမည်။

(င) <u>အခကြေးငွေပေးဆောင်ခြင်း</u>။ ပြည်တွင်းသို့ တင်သွင်းလာသောအကြိမ်တိုင်း ဝက်များအတွက် အောက်ဖော်ပြပါနှုန်းထားများအတိုင်း အခကြေးငွေများ ပေးဆောင်ရမည် -

(၁) စစ်ဆေးထိန်းချုပ်ရေးစခန်း၌ထိန်းသိမ်းထားရှိခ - တစ်ကောင်လျှင် (၃၀၀) ကျပ်

(၂) ဓာတ်ခွဲခန်းစစ်ဆေးခ - တစ်ကောင်လျှင် (၃၀၀) ကျပ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
# မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

## ပြည်တွင်းသို့တင်သွင်းလာသော ခွေး နှင့် ကြောင်များအတွက် စည်းမျဉ်းစည်းကမ်းများ

၁။ **တိရစ္ဆာန်** - ခွေး၊ ကြောင်

၂။ **တင်ပို့သောနိုင်ငံ** - နိုင်ငံအားလုံး

၃။ **တင်ပို့သည့်ရည်ရွယ်ချက်** - မွေးမြူရန်

၄။ **တင်သွင်းခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ**

(က) <u>သွင်းကုန်လိုင်စင်</u>။ တင်သွင်းလာသော တိရစ္ဆာန်များနှင့်အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ခွင့်ပြုထုတ်ပေးထားသော သက်တမ်းမကျော်သေးသည့် သွင်းကုန်လိုင်စင် ပါရှိရမည်။

(ခ) <u>တိရစ္ဆာန်၏ဖော်ပြချက်</u>။ တင်သွင်းလာသောတိရစ္ဆာန်နှင့်အတူ တိရစ္ဆာန်နှင့်သက်ဆိုင်သည့် ပြည့်စုံသောဖော်ပြချက်များ (သို့မဟုတ်) သက်သေခံမှတ်တမ်းအပြည့်အစုံ ဖော်ပြချက်ပါရှိသည့် သက်သေခံလက်မှတ်ပါရှိရမည်။

(ဂ) <u>တိရစ္ဆာန်ဆေးကုဌာန၏ ထောက်ခံချက်လက်မှတ်</u>

(၁) တင်သွင်းလာသော တိရစ္ဆာန်နှင့်အတူ တင်ပို့လာသောနိုင်ငံရှိ တိရစ္ဆာန်ဆေးကုဌာန၏ အခွင့်အာဏာရှိသူ တိရစ္ဆာန်ဆေးကုဆရာဝန်ထံမှ တိရစ္ဆာန်တစ်ကောင်ချင်းစီ၏ အကြောင်းအရာ၊ အချက်အလက် (သို့မဟုတ်) မှတ်တမ်းအပြည့်အစုံ ဖော်ပြချက်များနှင့်အတူ လက်မှတ်ထိုးထုတ်ပေးထားသည့် ကျန်းမာကြောင်းထောက်ခံချက်လက်မှတ်ပါရှိရမည်။

(၂) တင်သွင်းလာသော တိရစ္ဆာန်များသည် ကူးစက်ရောဂါလက္ခဏာများ၊ သံစွဲရောဂါနှင့် ကိုယ်ခန္ဓာပြင်ပ ကပ်ပါးပိုးများကင်းရှင်း၍ ကျန်းမာသောလက္ခဏာရှိရမည်ဖြစ်ပြီး ခရီးသွားရန်ကျန်းမာကြောင်း ထည့်သွင်းဖော်ပြရမည်။

(၃) တင်ပို့သောမူလနိုင်ငံသည် အနည်းဆုံး လွန်ခဲ့သော(၁၂)လကြာကာလအတွင်း၌ ခွေးရူးရောဂါကင်းရှင်းသော ဒေသဖြစ်ရမည်။ သို့မဟုတ်ပါက အဆိုပါနိုင်ငံမှ မထွက်ခွာမီ အနည်းဆုံး(၂၁)ရက်ကြိုတင်၍ တရားဝင် အသိအမှတ်ပြုထားသော ခွေးရူးရောဂါကာကွယ်ဆေးထိုးပြီး ဖြစ်ရမည်။

(၄) မတင်ပို့မီ (၂၁)ရက်ကြိုတင်၍ တရားဝင် အသိအမှတ်ပြုထားသော Distemper၊ Hepatitis၊ Leptospirosis နှင့် Parvovirus စသည့် ရောဂါကာကွယ်ဆေးများ ထိုးပြီး ဖြစ်ရမည်။

(ဃ) <u>မြန်မာနိုင်ငံရှိ တိရစ္ဆာန်ကူးစက်ရောဂါ စစ်ဆေးထိန်းချုပ်ရေးစခန်း၌ထိန်းသိမ်းထားရှိခြင်း</u>

(၁) နိုင်ငံတကာလေဆိပ်များ၌ ခေတ္တရပ်နားစဉ်အချိန်အတွင်း အခြားတိရစ္ဆာန်များနှင့် အတူထားရှိခြင်း၊ အတူထိတွေ့ခြင်းမရှိစေရ။

(၂) တင်ပို့လာသောတိရစ္ဆာန်များ ခရီးလမ်းဆုံးသို့ရောက်ရှိပါက ကူးစက်ရောဂါ စစ်ဆေးထိန်းချုပ်ရေးစခန်းအတွင်း၌ အနည်းဆုံး(၃၀)ရက်ကြာ ထိန်းသိမ်းထားရှိ၍ လိုအပ်ပါက ဓာတ်ခွဲခန်းစစ်ဆေးမှုနှင့် ဆေးဝါးကုသမှုများ ပြုလုပ်ရမည်။ ဓာတ်ခွဲခန်းစစ်ဆေးမှုနှင့် ဆေးဝါးကုသမှုများ၏ ကုန်ကျစရိတ်များကို ပိုင်ရှင်မှကျခံရမည်။

(၃) သွင်းကုန်လုပ်ငန်း၏ လိုအပ်ချက် စည်းမျဉ်း စည်းကမ်းများနှင့် ပြည့်စုံမှုမရှိပါက တင်ပို့လာသောတိရစ္ဆာန်များကို လျော်ကြေးမရှိဖျက်ဆီးခြင်း (သို့မဟုတ်) တင်ပို့သည့် နိုင်ငံသို့ ပြန်လည်ပို့ဆောင်ခြင်း ခံရမည်။

(င) <u>အခကြေးငွေပေးဆောင်ခြင်း</u>။ ပြည်တွင်းသို့ တင်သွင်းလာသောအကြိမ်တိုင်း ခွေးနှင့်ကြောင်များအတွက် အောက်ဖော်ပြပါနှုန်းထားများအတိုင်း အခကြေးငွေများ ပေးဆောင်ရမည် -

(၁) <u>ခွေးအတွက်</u>

| | | | |
|---|---|---|---|
| (ကက) | စစ်ဆေးထိန်းချုပ်ရေးစခန်း၌ ထိန်းသိမ်းထားရှိခ | - | တစ်ကောင်လျှင် (၁၀၀၀) ကျပ် |
| (ခခ) | ဓာတ်ခွဲခန်းစစ်ဆေးခ | - | တစ်ကောင်လျှင် (၁၀၀၀) ကျပ် |

(၂) <u>ကြောင်အတွက်</u>

| | | | |
|---|---|---|---|
| (ကက) | စစ်ဆေးထိန်းချုပ်ရေးစခန်း၌ ထိန်းသိမ်းထားရှိခ | - | တစ်ကောင်လျှင် (၂၅၀) ကျပ် |
| (ခခ) | ဓာတ်ခွဲခန်းစစ်ဆေးခ | - | တစ်ကောင်လျှင် (၂၅၀) ကျပ် |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
# မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

## ပြည်တွင်းသို့တင်သွင်းလာသော မျိုးကြက်ဥ၊ မျိုးကြက်နှင့် ငှက်များအတွက် စည်းမျဉ်းစည်းကမ်းများ

၁။ **တိရစ္ဆာန်** - မျိုးကြက်ဥ၊ မျိုးကြက်နှင့် ငှက်

၂။ **တင်ပို့သောနိုင်ငံ** - နိုင်ငံအားလုံး

၃။ **တင်ပို့သည့်ရည်ရွယ်ချက်** - မွေးမြူရန်

၄။ **တင်သွင်းခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ**

(က) <u>သွင်းကုန်လိုင်စင်</u>။ တင်သွင်းလာသော တိရစ္ဆာန်များနှင့်အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ခွင့်ပြုထုတ်ပေးထားသော သက်တမ်းမကျော်သေးသည့် သွင်းကုန်လိုင်စင် ပါရှိရမည်။

(ခ) <u>တိရစ္ဆာန်၏ဖော်ပြချက်</u>။ တင်သွင်းလာသောတိရစ္ဆာန်နှင့်အတူ တိရစ္ဆာန်နှင့်သက်ဆိုင်သည့် ပြည့်စုံသောဖော်ပြချက်များ (သို့မဟုတ်) သက်သေခံမှတ်တမ်းအပြည့်အစုံ ဖော်ပြချက်ပါရှိသည့် သက်သေခံလက်မှတ်ပါရှိရမည်။

(ဂ) <u>တိရစ္ဆာန်ဆေးကုဌာန၏ ထောက်ခံချက်လက်မှတ်</u>

(၁) တင်သွင်းလာသော တိရစ္ဆာန်နှင့်အတူ တင်ပို့လာသောနိုင်ငံရှိ တိရစ္ဆာန်ဆေးကုဌာန၏ အခွင့်အာဏာရှိသူ တိရစ္ဆာန်ဆေးကုဆရာဝန်ထံမှ တိရစ္ဆာန်တစ်ကောင်ချင်းစီ၏ အကြောင်းအရာ၊ အချက်အလက် (သို့မဟုတ်) မှတ်တမ်းအပြည့်အစုံ ဖော်ပြချက်များနှင့်အတူ လက်မှတ်ထိုးထုတ်ပေးထားသည့် ကျန်းမာကြောင်းထောက်ခံချက်လက်မှတ် ပါရှိရမည်။

(၂) မွေးမြူရန်တင်သွင်းလာသော မျိုးကြက်ဥ၊ မျိုးကြက်နှင့် ငှက်များနှင့်အတူ Pedigree certificate (မိဘ၊ ဘိုးဘွားများ၏ အဆင့်ဆင့်မှတ်တမ်း) ပူးတွဲပါရှိရမည်။

(၃) မျိုးကြက်ဥ၊ မျိုးကြက်နှင့် ငှက်များသည် မျိုးမှန်၍ ရောဂါကင်းရှင်းသော တရားဝင်အသိအမှတ်ပြုထားသော ခြံများမှဖြစ်ရမည်။

(၄) တင်ပို့သော မူလနိုင်ငံသည် Fowl plague, Salmonella pullorum နှင့် Highly Pathogenic Avian Influenza စသည့်ရောဂါများကင်းရှင်းသောဒေသ ဖြစ်ရမည်။

(၅) တင်ပို့သောမူလနိုင်ငံသည် အနည်းဆုံး လွန်ခဲ့သော(၆)လကြာ ကာလအတွင်း၌ Avian Encephalomyelitis၊ Egg-drop Syndrome (EDS)၊ Parvo Virus Infection Infectious Anaemia နှင့် Ornithosis စသည့်ရောဂါလက္ခဏာများ ကင်းရှင်းသော ဒေသဖြစ်ရမည်။

(၆) မျိုးကြက်ဥ၊ ရက်သား မျိုးကြက်ပေါက်များသည် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့၏ စည်းမျဉ်းသတ်မှတ်ချက်များ (OIE - International Animal Health Code)အရ

တင်ပို့သောနိုင်ငံမှ အသိအမှတ်ပြု တိရစ္ဆာန်ဆေးကုဌာန၏ အခွင့်အာဏာရှိသူ ကိုယ်တိုင် လက်မှတ်ရေးထိုးထားသော စီမံခန့်ခွဲမှု၊ ကျန်းမာရေးနှင့်ညီညွတ်၍ ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ် ထုတ်ပေးထားသော ခြံနှင့် ဖောက်စက်မှ ဖြစ်ရမည်။

(၇) မျိုးကြက်ဥ၊ ရက်သားမျိုးကြက်ပေါက်များကို အခြားကြက်ဥများ၊ ကြက်ငှက်များနှင့် ထိတွေ့မှုမရှိစေရန် ပုံးခွံအသစ်များထဲသို့ ဖောက်စက်မှတိုက်ရိုက်ထည့်၍ တင်ပို့ရမည်။ ကျန်းမာရေးအခြေအနေမတူညီသော အခြားတိရစ္ဆာန်များနှင့် အတူထားရှိခြင်း၊ ထိတွေ့ခြင်းမရှိစေရ။

(ဃ) <u>မြန်မာနိုင်ငံရှိ တိရစ္ဆာန်ကူးစက်ရောဂါ စစ်ဆေးထိန်းချုပ်ရေးစခန်း၌ထိန်းသိမ်းထားရှိခြင်း</u>

(၁) လိုအပ်ပါက ရောက်ရှိလာသောနေ့စ၍ (၁၄-၃၀)ရက်အထိ ရက်သားကြက်၊ ငှက်များကို သတ်မှတ်ထားသော ကူးစက်ရောဂါစစ်ဆေးထိန်းချုပ်ရေးစခန်းအတွင်း၌ ဓာတ်ခွဲခန်းစစ်ဆေးမှုနှင့် ဆေးဝါးကုသမှုများ ပြုလုပ်ရန်ထားရှိရမည်။

(၂) ဓာတ်ခွဲခန်းစစ်ဆေးမှုနှင့် ဆေးဝါးကုသမှုများ၏ကုန်ကျစရိတ်များကို တင်ပို့သူမှသော်လည်းကောင်း (သို့မဟုတ်) ပိုင်ရှင်မှကျခံရမည်။ တောရိုင်းကျေးငှက်ကိစ္စများတွင် ရောက်ရှိသည့်နေ့မှ ရက်ပေါင်း(၃၀)အထိ စဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေးရမည်။

(၃) သွင်းကုန်လုပ်ငန်း၏ လိုအပ်ချက်စည်းကမ်းချက်များနှင့် ပြည့်စုံမှုမရှိပါက တင်ပို့လာသော မျိုးကြက်ဥ၊ မျိုးကြက်နှင့် ငှက်များကို လျော်ကြေးမရှိဖျက်စီးခြင်း၊ တင်ပို့သည့်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ခြင်း ခံရမည်။

(င) <u>အခကြေးငွေပေးဆောင်ခြင်း</u>။ ပြည်တွင်းသို့ တင်သွင်းလာသောအကြိမ်တိုင်း မျိုးကြက်ဥ၊ မျိုးကြက်နှင့် ငှက်များအတွက် အောက်ဖော်ပြပါနှုန်းထားများအတိုင်း အခကြေးငွေများ ပေးဆောင်ရမည် -

(၁) <u>မျိုးကြက်ဥအတွက်</u>

| | | | |
|---|---|---|---|
| (ကက) | စစ်ဆေးထိန်းချုပ်ရေးစခန်း၌ ထိန်းသိမ်းထားရှိခ | - | တစ်လုံးလျှင် (၁) ကျပ် |
| (ခခ) | ဓာတ်ခွဲခန်းစစ်ဆေးခ | - | တစ်လုံးလျှင် (၁) ကျပ် |

(၂) <u>ရက်သားကြက်ပေါက်အတွက်</u>

| | | | |
|---|---|---|---|
| (ကက) | စစ်ဆေးထိန်းချုပ်ရေးစခန်း၌ ထိန်းသိမ်းထားရှိခ | - | တစ်ကောင်လျှင် (၂) ကျပ် |
| (ခခ) | ဓာတ်ခွဲခန်းစစ်ဆေးခ | - | တစ်ကောင်လျှင် (၂) ကျပ် |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
# မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

## ပြည်တွင်းသို့တင်သွင်းလာသော အမဲသား၊ ဆိတ်သားနှင့် စားသုံးနိုင်သော တိရစ္ဆာန်ထွက်ကုန်ပစ္စည်းများအတွက် စည်းမျဉ်းစည်းကမ်းများ

၁။ **တိရစ္ဆာန်** - အမဲသား၊ ဆိတ်သားနှင့် စားသုံးနိုင်သော တိရစ္ဆာန်ထွက်ကုန်ပစ္စည်းများ

၂။ **တင်ပို့သောနိုင်ငံ** - နိုင်ငံအားလုံး

၃။ **တင်ပို့သည့်ရည်ရွယ်ချက်** - စားသုံးရန်

၄။ **တင်သွင်းခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ**

(က) သွင်းကုန်လိုင်စင်။ တင်သွင်းလာသော အမဲသား၊ ဆိတ်သားနှင့် စားသုံးနိုင်သော တိရစ္ဆာန်ထွက်ကုန်ပစ္စည်းများနှင့်အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ခွင့်ပြုထုတ်ပေးထားသော သက်တမ်းမကျော်သေးသည့် သွင်းကုန်လိုင်စင် ပါရှိရမည်။

(ခ) တိရစ္ဆာန်ထွက်ကုန်ပစ္စည်း၏ဖော်ပြချက်။ တင်သွင်းလာသော အမဲသား၊ ဆိတ်သားနှင့် စားသုံးနိုင်သော တိရစ္ဆာန်ထွက်ကုန်ပစ္စည်းများနှင့်သက်ဆိုင်သည့် ပြည့်စုံသောဖော်ပြချက်များ (သို့မဟုတ်) သက်သေခံမှတ်တမ်း အပြည့်အစုံ ဖော်ပြချက်ပါရှိသည့် သက်သေခံလက်မှတ် ပါရှိရမည်။

(ဂ) တိရစ္ဆာန်ဆေးကုဌာန၏ ထောက်ခံချက်လက်မှတ်။ တင်သွင်းလာသော စားသုံးနိုင်သော တိရစ္ဆာန်ထွက်ကုန်ပစ္စည်းများနှင့်အတူ တင်ပို့လာသောနိုင်ငံမှ တိရစ္ဆာန်ဆေးကုဌာန၏ အခွင့်အာဏာရှိသူ တိရစ္ဆာန်ဆေးကုဆရာဝန်ကိုယ်တိုင် လက်မှတ်ရေးထိုးထားသော ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ်ပါရှိရမည်။ ထောက်ခံချက်လက်မှတ်၌ တိရစ္ဆာန်ထွက်ကုန်ပစ္စည်း၏ အသေးစိတ်အချက်အလက်နှင့် အောက်ဖော်ပြပါရောဂါများ ကင်းရှင်းမှုအခြေအနေ စသည်တို့ကို အပြည့်အစုံ ဖော်ပြပါရှိရမည် -

(၁) တင်ပို့သော မူလနိုင်ငံသည် Rinderpest နှင့် Bovine Spongiform Encephalo - pathy စသည့်ရောဂါများ ကင်းရှင်းသောဒေသ ဖြစ်ရမည်။

(၂) တင်ပို့သောမူလနိုင်ငံ (သို့မဟုတ်) ဒေသ (သို့မဟုတ်) ဇုန်တို့သည် ခွာနာလျှာနာရောဂါ (FMD) ကင်းရှင်းသောဒေသများဖြစ်ရမည်။

(၃) မတင်ပို့မီ လွန်ခဲ့သော(၁၂)လအတွင်း ကူးစက်ရောဂါများကင်းရှင်းကြောင်း ကြေညာထားသည့်နိုင်ငံရှိ မွေးမြူရေးခြံများနှင့် သားသတ်လုပ်ငန်း အဆောက်အဦများ ဖြစ်ရမည်။

(၄) တင်ပို့သောတိရစ္ဆာန်ထွက်ကုန်ပစ္စည်းများသည် ကူးစက်ရောဂါများကင်းရှင်းကြောင်း ကြေညာထားသည့်နိုင်ငံများရှိ သားသတ်ရုံသို့မပို့မီ အနည်းဆုံး(၄)လ ကြိုတင် မွေးမြူထားရှိသော တိရစ္ဆာန်များမှ ဖြစ်ရမည်။

(၅) တင်ပို့သောတိရစ္ဆာန်ထွက်ပစ္စည်းများသည် သားသတ်ရုံ၌ သားမသတ်မီနှင့် သားသတ်ပြီးနောက် စစ်ဆေးခြင်းများ ဆောင်ရွက်ထားရှိသည့်အပြင် ကူးစက်ရောဂါများ ကင်းရှင်းရမည်။

(၆) တင်ပို့လာသော တိရစ္ဆာန်ထွက်ကုန်ပစ္စည်းများကို အချိန်ပြည့်တာဝန်ရှိ တိရစ္ဆာန်ဆေးကုဆရာဝန်၏ ကြီးကြပ်မှုအောက်၌ ပြင်ဆင်ထုတ်လုပ်ရမည်။ တင်ပို့ချိန် ရောက်သည်အထိ ထုတ်လုပ်မှု၊ ထုပ်ပိုးမှုစသည်များ ဆောင်ရွက်နေစဉ်အတွင်း ရောဂါနှင့်ကူးစက်ထိတွေ့မှု မဖြစ်စေရေးအတွက် သန့်ရှင်း၍ ကျန်းမာရေးနှင့်ညီညွတ်စေရန် ဂရုစိုက်ဆောင်ရွက်ရမည်။

(၇) တင်ပို့လာသော အသားနှင့် အသားထွက်ကုန်ပစ္စည်းများတွင် စားသုံးသူ လူအများ၏ ကျန်းမာရေးနှင့် အသက်ဘေးအန္တရာယ်ဖြစ်စေသည့် ကြာရှည်စွာ သိုလှောင်နိုင်ရန်နှင့် အနံ့အရသာပိုမိုကောင်းစေရန်အတွက် ဓာတုပစ္စည်းအမျိုးမျိုးကို ထည့်သွင်းရောစပ်ခြင်း မရှိစေရ။

(၈) တင်ပို့လာသော အသားနှင့် အသားထွက်ကုန်ပစ္စည်းတို့၏ နမူနာပစ္စည်းများကို ပိုးသတ်ဆေး အကြွင်းအကျန်၊ ဓာတုဆေးဝါးများနှင့် ရောဂါပိုးမွှားများ ပါဝင်မှု ရှိမရှိ စစ်ဆေးရန်အတွက် ဓာတ်ခွဲခန်းသို့ပေးပို့ရမည်။

(၉) တင်ပို့လာသော အသားနှင့် အသားထွက်ကုန်ပစ္စည်းတို့ကို မတင်ပို့မီအချိန် (၃)လ ထက်ကျော်လွန်၍ အေးခဲအခန်းတွင် သိုလှောင်သိမ်းဆည်းထားခြင်း မရှိရ။

(၁၀) တင်ပို့လာသော အသားနှင့် အသားထွက်ကုန်ပစ္စည်းတို့တွင် ကျန်းမာကြောင်း အမှတ်တံဆိပ် (သို့မဟုတ်) အသားစစ်ဆေးပြီးစီးခြင်း အမှတ်တံဆိပ်များ ပါရှိရမည်။

(ဃ) <u>မြန်မာနိုင်ငံရှိ တိရစ္ဆာန်ကူးစက်ရောဂါ စစ်ဆေးထိန်းချုပ်ရေးစခန်း၌ထိန်းသိမ်းထားရှိခြင်း</u>

(၁) တင်သွင်းရာနိုင်ငံသို့ ဆိုက်ရောက်ပါက အသားနှင့် အသားထွက်ကုန်ပစ္စည်းတို့မှ နမူနာပစ္စည်းများကို စစ်ဆေးရန်အတွက် ဓာတ်ခွဲခန်းသို့ပေးပို့ရမည်။ ကုန်ကျစရိတ်များကို ပိုင်ရှင် (သို့မဟုတ်) တင်ပို့သူမှကျခံရမည်။

(၂) သွင်းကုန်လုပ်ငန်း၏ လိုအပ်ချက်စည်းကမ်းချက်များကို လိုက်နာခြင်း၊ ပြည့်စုံခြင်း မရှိပါက တင်ပို့လာသော အသားနှင့် အသားထွက်ကုန်ပစ္စည်းတို့ကို လျော်ကြေးမရှိ ဖျက်ဆီးခြင်း၊ တင်ပို့လာသည့်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ခြင်း ခံရမည်။

(င) <u>အခကြေးငွေပေးဆောင်ခြင်း</u>။ ပြည်တွင်းသို့ တင်သွင်းလာသောအကြိမ်တိုင်း အမဲသား၊ ဆိတ်သားနှင့် စားသုံးနိုင်သော တိရစ္ဆာန်ထွက်ကုန်ပစ္စည်းများအတွက် အောက်ဖော်ပြပါနှုန်းထားများအတိုင်း အခကြေးငွေများ ပေးဆောင်ရမည် -

| | | |
|---|---|---|
| (၁) အေးခဲ အမဲသား/ဆိတ်သားနှင့် စားသုံးနိုင်သော တိရစ္ဆာန်ထွက်ကုန်ပစ္စည်း | - | တစ်တန်လျှင် (၂၉၀) ကျပ် |
| (၂) ပြုပြင်ထားသောအသားခြောက် | - | တစ်တန်လျှင် (၈၇၀) ကျပ် |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
# မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

## ပြည်တွင်းသို့တင်သွင်းလာသော တိရစ္ဆာန်ဥယျာဉ်တွင်ထားရှိမည့် တောရိုင်းတိရစ္ဆာန်များအတွက် စည်းမျဉ်းစည်းကမ်းများ

၁။ **တိရစ္ဆာန်** - တောရိုင်းတိရစ္ဆာန်များနှင့် ငှက်မျိုးများ

၂။ **တင်ပို့သောနိုင်ငံ** - နိုင်ငံအားလုံး

၃။ **တင်ပို့သည့်ရည်ရွယ်ချက်** - တိရစ္ဆာန်ဥယျာဉ်အတွင်း မွေးမြူရန်

၄။ **တင်သွင်းခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ**

(က) သွင်းကုန်လိုင်စင်။ တင်သွင်းလာသော တိရစ္ဆာန်များနှင့်အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ခွင့်ပြုထုတ်ပေးထားသော သက်တမ်းမကျော်သေးသည့် သွင်းကုန်လိုင်စင် ပါရှိရမည်။

(ခ) တိရစ္ဆာန်၏ဖော်ပြချက်။ တင်သွင်းလာသောတိရစ္ဆာန်နှင့်အတူ တိရစ္ဆာန်နှင့်သက်ဆိုင်သည့် ပြည့်စုံသောဖော်ပြချက်များ (သို့မဟုတ်) သက်သေခံမှတ်တမ်းအပြည့်အစုံ ဖော်ပြချက်ပါရှိသည့် သက်သေခံလက်မှတ်ပါရှိရမည်။

(ဂ) တိရစ္ဆာန်ဆေးကုဌာန၏ ထောက်ခံချက်လက်မှတ်။ တင်သွင်းလာသော တောရိုင်းတိရစ္ဆာန်၊ ငှက်များနှင့်အတူ တင်ပို့သောနိုင်ငံမှ တိရစ္ဆာန်ဆေးကုဌာန၏ အခွင့်အာဏာရှိသူ တိရစ္ဆာန်ဆေးကုဆရာဝန်ကိုယ်တိုင် လက်မှတ်ရေးထိုးထားသော ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ်ပါရှိရမည်။ အဆိုပါထောက်ခံချက်၌ တိရစ္ဆာန်နှင့် ငှက်တစ်ကောင်ချင်းစီ၏ အကြောင်းအရာ၊ အချက်အလက် (သို့မဟုတ်) မှတ်တမ်းအပြည့်အစုံဖော်ပြချက် ပါရှိရမည်။ ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ်တွင် အောက်ဖော်ပြပါ ကျန်းမာရေးဆိုင်ရာ အချက်အလက်များ ပါရှိရမည် -

(၁) တင်ပို့ချိန်၌ တင်သွင်းလာသော တိရစ္ဆာန်များ၊ ငှက်များသည် ကူးစက်ရောဂါလက္ခဏာများကင်းရှင်း၍ ကျန်းမာရေးအခြေအနေ ကောင်းမွန်ရမည်။

(၂) တင်သွင်းလာသောတိရစ္ဆာန်များ၊ ငှက်များသည် စီးပွားရေးအရ ထိခိုက်စေသော မည်သည့်ရောဂါမဆို ခံစားနေရသောအခြားတိရစ္ဆာန်များနှင့် မတင်ပို့မီ ရက်(၃၀) အတွင်း ထိတွေ့နေထိုင်ခြင်းမရှိစေရန် စစ်ဆေးရမည်။

(၃) တင်ပို့သောမူလနိုင်ငံသည် တင်ပို့ချိန်မတိုင်မီ လွန်ခဲ့သော (၁၂)လအတွင်း FMD၊ Rinderpest၊ Anthrax၊ Fowl plague၊ Newcastle Disease၊ Contagious Bovine/Caprine Pleuropneumonia၊ African Swine Fever၊ African Horse Sickness နှင့် Rabies စသည့်ရောဂါများမှ ကင်းရှင်းရမည်။

(၄) တင်သွင်းလာသော တိရစ္ဆာန်များ၊ ငှက်များသည် တင်ပို့ချိန်မတိုင်မီ (၆)လအတွင်း အောက်ဖော်ပြပါရောဂါများ ကင်းရှင်းခဲ့သော ဒေသများမှဖြစ်ရမည် -

(ကက) Bovine: CBPP, Malignant Catarrhal Fever, Brucellosis, Tuberculosis and John's Disease.

(ခခ) Ovine, Caprine: Brucellosis, CCPP (Contagious Caprine Pleuro - pneumonia)

(ဂဂ) Equine: Glanders and Equine Encephalomyelitis

(ဃဃ) Avian: Pullorum, Infectious Laryngotracheitis, Avian Influenza

(ငင) Canine/Feline: Distemper, Rabies & Panlcukopenia

(စစ) Primate: Tuberculosis

(ဆဆ) Other species: Rabies, Influenza

(ဇဇ) Sea Lion: Leptospirosis, Brucellosis, Chlamydophila psittaci, Phocid herpes virus, Calciviruses, Canine Adenovirus.

(ဃ) မြန်မာနိုင်ငံရှိ တိရစ္ဆာန်ကူးစက်ရောဂါ စစ်ဆေးထိန်းချုပ်ရေးစခန်း၌ထိန်းသိမ်းထားရှိခြင်း

(၁) သယ်ယူပို့ဆောင်စဉ် ခရီးစဉ်တစ်လျှောက် အခြားတိရစ္ဆာန်များနှင့် ထိတွေ့မှုကို ရှောင်ကျဉ် တားဆီးရမည်။

(၂) တင်ပို့လာသောတိရစ္ဆာန်နှင့် ငှက်များ ခရီးလမ်းဆုံးသို့ရောက်ရှိပါက ကူးစက်ရောဂါ စစ်ဆေးထိန်းချုပ်ရေးစခန်းအတွင်း၌ အနည်းဆုံး(၁၄)ရက် ထိန်းသိမ်းထားရှိရမည်။

(၃) လိုအပ်ပါက စစ်ဆေးရေးစခန်းအတွင်း၌ထားရှိစဉ် ဓာတ်ခွဲခန်းစစ်ဆေးမှုနှင့် ဆေးဝါး ကုသမှုများ ပြုလုပ်ရမည်။ ဓာတ်ခွဲခန်းစစ်ဆေးမှုနှင့် ဆေးဝါးကုသမှုများ၏ ကုန်ကျ စရိတ်များကို ပိုင်ရှင်မှကျခံရမည်။

(၄) သွင်းကုန်လုပ်ငန်း၏ လိုအပ်ချက်စည်းကမ်းများနှင့်ပြည့်စုံမှုမရှိပါက တင်ပို့လာသော တောရိုင်းတိရစ္ဆာန်များနှင့် ငှက်မျိုးများကို လျော်ကြေးမရှိဖျက်စီးခြင်း၊ တင်ပို့သည့် နိုင်ငံသို့ ပြန်လည်ပို့ဆောင်ခြင်း ခံရမည်။

(င) အခကြေးငွေပေးဆောင်ခြင်း။ ပြည်တွင်းသို့ တင်သွင်းလာသောအကြိမ်တိုင်း တောရိုင်း တိရစ္ဆာန်များနှင့် ငှက်မျိုးများအတွက် အောက်ဖော်ပြပါနှုန်းထားများအတိုင်း အခကြေးငွေ များ ပေးဆောင်ရမည် -

(၁) တောရိုင်းတိရစ္ဆာန်များနှင့် ငှက်မျိုးများအတွက်

| | | | |
|---|---|---|---|
| (ကက) | စစ်ဆေးထိန်းချုပ်ရေးစခန်း၌ ထိန်းသိမ်းထားရှိခ | - | တစ်ကောင်လျှင် (၂၅၀) ကျပ် |
| (ခခ) | ဓာတ်ခွဲခန်းစစ်ဆေးခ | - | တစ်ကောင်လျှင် (၂၅၀) ကျပ် |

(၂) <u>ဆင်အတွက်</u>

(ကက) စစ်ဆေးထိန်းချုပ်ရေးစခန်း၌ ထိန်းသိမ်းထားရှိခ - ကိုယ်ခန္ဓာအလေးချိန် တစ်ကီလိုဂရမ်လျှင် (၅) ကျပ်

(ခခ) ဓာတ်ခွဲခန်းစစ်ဆေးခ - ကိုယ်ခန္ဓာအလေးချိန် တစ်ကီလိုဂရမ်လျှင် (၅) ကျပ်

(၃) <u>ပိုးတောင်မာများအတွက်</u>

(ကက) စစ်ဆေးထိန်းချုပ်ရေးစခန်း၌ ထိန်းသိမ်းထားရှိခ - တစ်ကောင်လျှင် (၂၅) ကျပ်

(ခခ) ဓာတ်ခွဲခန်းစစ်ဆေးခ - တစ်ကောင်လျှင် (၂၅) ကျပ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

### ပြည်တွင်းသို့တင်သွင်းလာသော တိရစ္ဆာန်မျိုးရည်ခဲချောင်းအတွက် စည်းမျဉ်းစည်းကမ်းများ

**၁။ တိရစ္ဆာန်ထွက်ပစ္စည်း** - မျိုးရည်ခဲချောင်း

**၂။ တင်ပို့သည့်နိုင်ငံ** - နိုင်ငံအားလုံး

**၃။ ရည်ရွယ်ချက်** - မွေးမြူရန်

**၄။ တင်သွင်းခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ**

(က) သွင်းကုန်လိုင်စင်။ တင်သွင်းလာသော တိရစ္ဆာန်မျိုးရည်ခဲချောင်းနှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ခွင့်ပြုထုတ်ပေးထားသော သက်တမ်းမကျော်သေးသည့် သွင်းကုန်လိုင်စင် ပါရှိရမည်။

(ခ) တိရစ္ဆာန်မျိုးရည်ခဲချောင်း၏ဖော်ပြချက်။ တင်သွင်းလာသော တိရစ္ဆာန်မျိုးရည်ခဲချောင်းနှင့်အတူ မျိုးရည်ခဲချောင်းနှင့်သက်ဆိုင်သည့် ပြည့်စုံသောဖော်ပြချက်များ (သို့မဟုတ်) သက်သေခံမှတ်တမ်းအပြည့်အစုံ ဖော်ပြချက်ပါရှိသည့် သက်သေခံလက်မှတ်ပါရှိရမည်။

(ဂ) တိရစ္ဆာန်ဆေးကုဌာန၏ ထောက်ခံချက်လက်မှတ်

(၁) တင်သွင်းလာသောမျိုးရည်ခဲချောင်းနှင့်အတူ တင်သွင်းသည့်နိုင်ငံမှ တိရစ္ဆာန်ဆေးကုဌာန၏အခွင့်အာဏာရှိသူ တိရစ္ဆာန်ဆေးကုဆရာဝန်၏လက်မှတ် (သို့မဟုတ်) မျိုးရည်ထုတ်လုပ်ရေးဌာန ကြီးကြပ်ကွပ်ကဲသူ တိရစ္ဆာန်ဆေးကုဆရာဝန်၏ ထောက်ခံချက်လက်မှတ်ပါရှိရမည်။ အဆိုပါ ထောက်ခံချက်လက်မှတ်တွင် အောက်ဖော်ပြပါ ကျန်းမာရေးဆိုင်ရာ အချက်အလက်များ ပါရှိရမည် -

(ကက) မျိုးရည်ထုတ်လုပ်ရေးဌာနစိတ်၏အမည်လိပ်စာနှင့်မူရင်းဒေသ။

(ခခ) အရေအတွက် မျိုးစိတ်နှင့် မျိုး။

(ဂဂ) မျိုးရည်ထုတ်ပေးသော တိရစ္ဆာန်၏အမှတ်အသား။

(ဃဃ) မျိုးရည်စုဆောင်းသည့်ရက်စွဲ။

(၂) ကျန်းမာကြောင်း ထောက်ခံချက်လက်မှတ်တွင် ပါဝင်ရမည့်အချက်များ -

(ကက) တင်ပို့သော မူလနိုင်ငံသည် မြန်မာနိုင်ငံသို့ မတင်သွင်းမီ (၃)နှစ်အတွင်း African Swine Fever နှင့် Rinderpest ရောဂါကင်းရှင်းသော ဒေသဖြစ်ရမည်။

(ခခ) တင်ပို့သောမူလနိုင်ငံ (သို့မဟုတ်) ဒေသ (သို့မဟုတ်) ဇုန်တို့သည် Office International des Epizooties - OIE မှ တရားဝင် အသိအမှတ်ပြုထားသော ခွာနာလျှာနာရောဂါ ကင်းရှင်းသောဒေသဖြစ်ရမည်။

(ဂဂ) မျိုးရည်ထုတ်လုပ်သောဌာနသည် ပို့ကုန်တင်ပို့သောနိုင်ငံအစိုးရမှ အသိအမှတ်ပြု လိုင်စင်ရသောဌာနဖြစ်ရမည့်အပြင် အစိုးရမှ တရားဝင်ခန့်အပ်သော တိရစ္ဆာန်ဆေးကုဆရာဝန်၏ တိုက်ရိုက် ကြီးကြပ်ကွပ်ကဲမှုအောက်တွင် ထိန်းသိမ်းစောင့်ရှောက်ထားသော မျိုးရည်ထုတ်လုပ်သည့် ဌာနဖြစ်ရမည်။

(ဃဃ) ထုတ်လုပ်သောဌာနတွင်းသို့ မျိုးရည်ထုတ်လုပ်မည့် တိရစ္ဆာန်အထီးနှင့် လှုံ့ဆော်နှိုးဆွသော Teaser ကိုသာဝင်ခွင့်ပြုရမည်။ မြန်မာနိုင်ငံသို့ မျိုးရည်မတင်သွင်းမီ(၁၂)လအတွင်း Tuberculosis၊ Brucellosis၊ Lepto - spirosis၊ Vesicular Exanthema၊ Vesicular Stomatitis၊ Swine Vesicular Influenza၊ Hog Cholera (Classical Swine Fever)၊ Aujeszky's Disease၊ Porcine Parvovirus Infection၊ Porcine Reproductive and Respiratory Syndrome (PRRS)၊ Atrophic Rhinitis၊ Trasmissible Gasteroenteritis နှင့် Teschen Disease စသော ရောဂါများကင်းရှင်းရမည်။

(ငင) မျိုးထုတ်မည့်တိရစ္ဆာန်သည် အမြင်အားဖြင့် ကျန်းမာရေးကောင်းမွန်ရမည်ဖြစ်ပြီး စစ်ဆေးချက်များ ပုံမှန်ရှိရမည်။ မျိုးရည်ထုတ်လုပ်ရေးဌာနသို့ သီးခြားမသွင်းမီ(၃၀)ရက်အတွင်း Bovine Tubercullosis၊ Brucellosis (Brucella abortus နှင့် Brucella suis)ရောဂါများ ပဏာမစစ်ဆေးမှု အောင်မြင်ရမည်။

(စစ) မျိုးရည်ထုတ်လုပ်ရာတွင် အသုံးပြုမည့် တိရစ္ဆာန်အထီးနှင့် နှိုးဆွသော Teaser တိရစ္ဆာန်အား မျိုးရည်မထုတ်လုပ်မီ ရက်ပေါင်း (၃၀)အတွင်း မျိုးရည်ထုတ်လုပ်သည့်ဌာနတွင် သီးခြားထားရှိလျက် အောက်ပါစမ်းသပ်မှုများတွင် negative result များ ရရှိရမည် -

(၁၁) <u>Tuberculosis</u>။ တိရစ္ဆာန်အား ထိန်းသိမ်းထားသောနိုင်ငံ (သို့မဟုတ်)မျိုးစပ်သောသားစပ်ဌာနတွင် Bovine Tuberculosis ရောဂါကင်းရှင်းကြောင်း (၁၂)လတစ်ကြိမ် တရားဝင် ပုံမှန်စစ်ဆေးရမည်။

(၂၂) <u>Brucellosis</u>။ တိရစ္ဆာန်အား ထိန်းသိမ်းသောနိုင်ငံ (သို့မဟုတ်) မျိုးစပ်သော သားစပ်ဌာနတွင် Brucella abortus၊ Brucella suis ရောဂါကင်းရှင်းကြောင်း(၁၂)လတစ်ကြိမ်တရားဝင်စစ်ဆေးရမည်။

(၃၃) Aujesky's Disease။

(၄၄) Transmissible Gastroenteritis။

(၅၅) Teschen Disease။

(၆၆) Swine Vesicular Disease။

(၇၇) PRRS။

(၈၈) Leptospirosis။

(ဆဆ) မျိုးရည်သည် ပုံမှန်အထီးလိင်စိတ် အပြုအမူအနေအထားရှိသော အထီးမှ ရရှိသော မျိုးရည်ဖြစ်ရမည်ဖြစ်ပြီး မျိုးအောင်မှုမှတ်တမ်း ထားရှိရမည်။ ၎င်းနှင့် ၎င်း၏မျိုးရိုးစဉ်ဆက်များတွင် မျိုးရိုးဗီဇချို့ယွင်းချက် မရှိကြောင်း မှတ်တမ်းများထားရှိရမည်။

(ဇဇ) မျိုးစပ်ရည်တွင် အသုံးပြုသော ကြာရှည်ခံဆေးများ၊ ပဋိဇီဝဆေးများကို ရှင်းလင်းစွာ ဖော်ပြရမည်။

(ဃ) <u>မြန်မာနိုင်ငံရှိ တိရစ္ဆာန်ကူးစက်ရောဂါ စစ်ဆေးထိန်းချုပ်ရေးစခန်း၌ထိန်းသိမ်းထားရှိခြင်း</u>

(၁) မျိုးရည်စုဆောင်းခြင်း၊ ထုတ်လုပ်ခြင်း၊ သိမ်းဆည်းခြင်းများကို OIE(International Animal Health Code)အရ သတ်မှတ်ထားသောစံနှုန်းအတိုင်း ဖြစ်ရမည်။

(၂) မျိုးရည်တင်သွင်းခြင်းတွင် သွင်းကုန်လုပ်ငန်း၏ လိုအပ်ချက်စည်းကမ်းများနှင့် ပြည့်စုံမှုမရှိပါက တင်ပို့လာသောမျိုးရည်များကို လျော်ကြေးမရှိဖျက်စီးခြင်း၊ တင်ပို့သည့်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ခြင်း ခံရမည်။

(င) <u>အခကြေးငွေပေးဆောင်ခြင်း</u>။ ပြည်တွင်းသို့ တင်သွင်းလာသောအကြိမ်တိုင်း မျိုးရည်အတွက် အောက်ဖော်ပြပါနှုန်းထားများအတိုင်း အခကြေးငွေများ ပေးဆောင်ရမည် -

(၁) မျိုးရည်ခဲချောင်းတန်ဖိုး၏ ၂ % ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
# မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

## ပြည်ပသို့တင်ပို့မည့် တိရစ္ဆာန်များအတွက် စည်းမျဉ်းစည်းကမ်းများ

၁။ **တိရစ္ဆာန်** - ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ မြင်း၊ ဝက်၊ ကြက်၊ ခွေး၊ ကြောင်

၂။ **တင်ပို့သည့်နိုင်ငံ** - မြန်မာနိုင်ငံ

၃။ **တင်ပို့သည့်ရည်ရွယ်ချက်** - မွေးမြူရန်နှင့် စားသုံးရန်

၄။ **တင်ပို့ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ**

(က) ပို့ကုန်လိုင်စင်။ တင်ပို့သောတိရစ္ဆာန်များနှင့်အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ခွင့်ပြုထုတ်ပေးထားသော သက်တမ်းမကျော်သေးသည့် ပို့ကုန်လိုင်စင်ပါရှိရမည်။

(ခ) တိရစ္ဆာန်၏ဖော်ပြချက်။ တင်ပို့လိုသောတိရစ္ဆာန်နှင့်အတူ တိရစ္ဆာန်နှင့်သက်ဆိုင်သည့် ပြည့်စုံသောဖော်ပြချက်များ (သို့မဟုတ်) သက်သေခံမှတ်တမ်းအပြည့်အစုံ ဖော်ပြချက်ပါရှိသည့် သက်သေခံလက်မှတ်ပါရှိရမည်။

(ဂ) တိရစ္ဆာန်ဆေးကုဌာန၏ ထောက်ခံချက်လက်မှတ်

(၁) တင်ပို့မှုကို လက်ခံသောနိုင်ငံ၏ လိုအပ်ချက်အပေါ်မူတည်၍ တိရစ္ဆာန်အမျိုးအစားအလိုက် ကူးစက်ရောဂါစစ်ဆေးထိန်းချုပ်ရေးစခန်းအတွင်း (၁၀ - ၆၀)ရက်အထိ ထိန်းသိမ်း ထားရှိရမည်။

| | | |
|---|---|---|
| (ကက) | ကျွဲ၊ နွား၊ သိုး၊ ဆိတ် | - (၁၀ - ၃၀) ရက်အထိ |
| (ခခ) | ကြက် | - (၂၀ - ၆၀) ရက်အထိ |
| (ဂဂ) | ခွေး၊ ကြောင် | - (၃၀) ရက် |
| (ဃဃ) | မြင်း | - (၂၁ - ၃၀) ရက်အထိ |
| (ငင) | ဝက် | - (၂၁ - ၃၀) ရက်အထိ |

(၂) တင်ပို့မှုကိုလက်ခံသောနိုင်ငံမှ လိုအပ်ချက်အရ ကူးစက်ရောဂါများကင်းရှင်းမှု အခြေအနေဖော်ပြသော ဓာတ်ခွဲခန်းစစ်ဆေးမှု ထောက်ခံချက်ပူးတွဲပါရှိရမည်။

(ဃ) မြန်မာနိုင်ငံရှိ တိရစ္ဆာန်ကူးစက်ရောဂါ စစ်ဆေးထိန်းချုပ်ရေးစခန်း၌ထိန်းသိမ်းထားရှိခြင်း

(၁) ကူးစက်ရောဂါ စစ်ဆေးထိန်းချုပ်ရေးစခန်းအတွင်းသို့ ရောက်ရှိပြီးနောက် (၃)ရက်အတွင်း တင်ပို့မည့်တိရစ္ဆာန်များ၏ကျန်းမာရေးကို စစ်ဆေးရမည်။

(၂) ကူးစက်ရောဂါ စစ်ဆေးထိန်းချုပ်ရေးစခန်းအတွင်းသို့ ရောက်ရှိပြီးနောက် (၄)ရက်မြောက် နေ့၌ ဓာတ်ခွဲခန်းစစ်ဆေးမှုအတွက် သွေးနမူနာစုဆောင်းရယူရမည်။

(၃) တင်ပို့မှုကိုလက်ခံသောနိုင်ငံ၏ လိုအပ်ချက်အရ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးရမည်။

(၄) နာမကျန်းဖြစ်နေသောတိရစ္ဆာန်များကို သီးသန့်ခွဲခြားထား၍ သတိပြုစောင့်ကြည့်ရမည်။

(၅) တိရစ္ဆာန်များကိုမတင်ပို့မီ (၇)ရက်ကြိုတင်၍ တိရစ္ဆာန် ကိုယ်တွင်းနှင့် ပြင်ပ ကပ်ပါး ပိုးကောင်များ ကင်းစင်ရန်အတွက် (၂)မျိုးစလုံးအပေါ် အကျိုးသက်ရောက်သော သံချဆေး/ ပိုးသတ်ဆေးများဖြင့် ကုသပေးပြီးဖြစ်ရမည်။

(၆) ကူးစက်ရောဂါစစ်ဆေးထိန်းချုပ်ရေးစခန်းအတွင်း၌ထိန်းသိမ်းထားရှိစဉ်ကျန်းမာရေး စောင့်ရှောက်ခ၊ စခန်းအတွင်း၌ ထိန်းသိမ်းထားရှိခနှင့် အစာရေစာအတွက် ကုန်ကျစရိတ်များကို ပိုင်ရှင်မှကျခံပေးရမည်။

(၇) တင်ပို့သည့်ရက်တွင် တင်ပို့မည့်တိရစ္ဆာန်များသည် ကူးစက်ရောဂါလက္ခဏာများ ကင်းရှင်း၍ ကျန်းမာသည့် အခြေအနေရှိရမည်။

(၈) တင်ပို့မည့်တိရစ္ဆာန်များအတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်အပ်နှင်း ပေးထားသော အသိအမှတ်ပြု တိရစ္ဆာန်ဆေးကုဆရာဝန်၏ ကျန်းမာကြောင်း ထောက်ခံချက် လက်မှတ်ပါရှိရမည်။

(၉) ကူးစက်ရောဂါ စစ်ဆေးထိန်းချုပ်ရေးစခန်းအတွင်းသို့ တင်ပို့မည့်တိရစ္ဆာန်များ အားလုံးကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်းထည့်သွင်း၍ တင်ပို့ရာတွင်လည်း တစ်ချိန်တည်း၊ တစ်ပြိုင်တည်း တင်ပို့သည့်စနစ်ကို ကျင့်သုံးရမည်။ ပယ်ကျန် တိရစ္ဆာန်များအားလုံးကို ကူးစက်ရောဂါစစ်ဆေးထိန်းချုပ်ရေးစခန်းမှ ချက်ခြင်း ဖယ်ရှားရမည်။

(၁၀) တိရစ္ဆာန်များအားလုံးကိုတင်ပို့ပြီးနောက် ကူးစက်ရောဂါစစ်ဆေးထိန်းချုပ်ရေးစခန်းကို သန့်ရှင်းရေးပြုလုပ်၍ ပိုးသတ်ဆေးများဖြင့် ပိုးသန့်စင်ရပါမည်။ ပိုးသန့်စင်ပြီးနောက် (၃)ရက်ကြာမှ ထက်မံတင်ပို့မည့်တိရစ္ဆာန်များကို ထည့်သွင်းရမည်။

(င) <u>အခကြေးငွေပေးဆောင်ခြင်း။</u> ပြည်ပသို့တင်ပို့သောအကြိမ်တိုင်း ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ မြင်း၊ ဝက်၊ ကြက်၊ ခွေး၊ ကြောင် တိရစ္ဆာန်များအတွက် အောက်ဖော်ပြပါနှုန်းထားများ အတိုင်း အခကြေးငွေများ ပေးဆောင်ရမည် -

(၁) <u>ကျွဲ၊ နွား၊ မြင်း အတွက်</u>

| | | | |
|---|---|---|---|
| (ကက) | စစ်ဆေးထိန်းချုပ်ရေးစခန်း၌ ထိန်းသိမ်းထားရှိခ | - | တစ်ကောင်လျှင် (၂၀၀၀) ကျပ် |
| (ခခ) | ဓာတ်ခွဲခန်းစစ်ဆေးခ | - | တစ်ကောင်လျှင် (၂၀၀၀) ကျပ် |

(၂) <u>သိုး၊ ဆိတ် အတွက်</u>

| | | | |
|---|---|---|---|
| (ကက) | စစ်ဆေးထိန်းချုပ်ရေးစခန်း၌ ထိန်းသိမ်းထားရှိခ | - | တစ်ကောင်လျှင် (၁၀၀၀) ကျပ် |
| (ခခ) | ဓာတ်ခွဲခန်းစစ်ဆေးခ | - | တစ်ကောင်လျှင် (၁၀၀၀) ကျပ် |

(၃) <u>ဝက် အတွက်</u>

| | | | |
|---|---|---|---|
| (ကက) | စစ်ဆေးထိန်းချုပ်ရေးစခန်း၌ ထိန်းသိမ်းထားရှိခ | - | တစ်ကောင်လျှင် (၃၀၀) ကျပ် |
| (ခခ) | ခေတ်ခွဲခန်းစစ်ဆေးခ | - | တစ်ကောင်လျှင် (၃၀၀) ကျပ် |

(၄) <u>ခွေး အတွက်</u>

| | | | |
|---|---|---|---|
| (ကက) | စစ်ဆေးထိန်းချုပ်ရေးစခန်း၌ ထိန်းသိမ်းထားရှိခ | - | တစ်ကောင်လျှင် (၁၀၀၀) ကျပ် |
| (ခခ) | ခေတ်ခွဲခန်းစစ်ဆေးခ | - | တစ်ကောင်လျှင် (၁၀၀၀) ကျပ် |

(၅) <u>ကြောင် အတွက်</u>

| | | | |
|---|---|---|---|
| (ကက) | စစ်ဆေးထိန်းချုပ်ရေးစခန်း၌ ထိန်းသိမ်းထားရှိခ | - | တစ်ကောင်လျှင် (၂၅၀) ကျပ် |
| (ခခ) | ခေတ်ခွဲခန်းစစ်ဆေးခ | - | တစ်ကောင်လျှင် (၂၅၀) ကျပ် |

# တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တင်သွင်းခြင်း တင်ပို့ခြင်းဆိုင်ရာ
# စည်းမျဉ်း စည်းကမ်းများ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပြည်တွင်းသို့တင်သွင်းလာသော ကျွဲ၊ နွားများအတွက် စည်းမျဉ်းစည်းကမ်းများ | ၁ - ၂ |
| ၂။ | ပြည်တွင်းသို့တင်သွင်းလာသော မြင်းများအတွက် စည်းမျဉ်းစည်းကမ်းများ | ၃ - ၄ |
| ၃။ | ပြည်တွင်းသို့တင်သွင်းလာသော သိုး၊ ဆိတ်များအတွက် စည်းမျဉ်းစည်းကမ်းများ | ၅ - ၆ |
| ၄။ | ပြည်တွင်းသို့တင်သွင်းလာသော မျိုးဝက်များအတွက် စည်းမျဉ်းစည်းကမ်းများ | ၇ - ၈ |
| ၅။ | ပြည်တွင်းသို့သယ်ဆောင်လာသော ခွေး၊ ကြောင်များအတွက် စည်းမျဉ်းစည်းကမ်းများ | ၉ - ၁၀ |
| ၆။ | ပြည်တွင်းသို့တင်သွင်းလာသော ကြက်၊ ငှက်နှင့် မျိုးဥများအတွက်စည်းမျဉ်းစည်းကမ်းများ | ၁၁ - ၁၂ |
| ၇။ | ပြည်တွင်းသို့တင်သွင်းလာသော အမဲသား၊ ဆိတ်သားနှင့် စားသုံးနိုင်သော တိရစ္ဆာန် ထွက်ကုန်ပစ္စည်းများအတွက် စည်းမျဉ်းစည်းကမ်းများ | ၁၃ - ၁၄ |
| ၈။ | ပြည်တွင်းသို့တင်သွင်းလာသော တိရစ္ဆာန်ဥယျာဉ်တွင်ထားရှိသော တောရိုင်း တိရစ္ဆာန်များအတွက် စည်းမျဉ်းစည်းကမ်းများ | ၁၅ - ၁၇ |
| ၉။ | ပြည်တွင်းသို့တင်သွင်းလာသော တိရစ္ဆာန် မျိုးရည်ခဲချောင်းများအတွက် စည်းမျဉ်း စည်းကမ်းများ | ၁၈ - ၂၀ |
| ၁၀။ | မြန်မာနိုင်ငံမှ အခြားနိုင်ငံများသို့ တင်ပို့သော တိရစ္ဆာန်များအတွက် စည်းမျဉ်း စည်းကမ်းများ | ၂၁ - ၂၃ |